# รูปแบบของ SEC ပုံစံအမျိုးမျိုး



## การแสวงหาประโยชน์ทางเพศจากเด็ก มี 5 รูปแบบ
## ကလေးသူငယ်များအပေါ် လိင်အမြတ်ထုတ်ခြင်းပုံစံ ၅ မျိုးရှိပါသည်။

### 1 การค้าประเวณีเด็ก

ကလေးသူငယ်များကို ပြည့်တန်ဆာအဖြစ် ရောင်းချခြင်း။

**การใช้เด็กเพื่อกิจกรรมทางเพศ โดยมีค่าตอบแทนเป็นเงินสด หรือ ผลตอบแทนในรูปแบบอื่น ๆ ให้กับเด็ก หรือ บุคคลที่สาม เด็กถูกใช้เพื่อตอบสนองความต้องการทางเพศ การค้าประเวณีเด็กเกิดขึ้นได้ในหลายแห่ง เช่น โรงแรม สถานบริการทางเพศ ร้านอาหาร คาราโอเกะ บาร์ และอื่น ๆ**

လိင်မှုကိစ္စအတွက် ကလေးသူငယ်များကို အသုံးချပြီးနောက် ကလေးသူငယ်ကိုဖြစ်စေ၊ အုပ်ထိန်းသူကိုဖြစ်စေ၊ ငွေကြေး (သို့) အခြားသောပစ္စည်း၊ အကျိုးပြုမှု တစ်စုံတစ်ရာ ပေးအပ်ခြင်းဖြစ်သည်။ ကလေး သူငယ်များမှာမူ လိင်ပိုင်း ဆိုင်ရာ လိုအပ်ချက်များအတွက် အသုံးချခံလိုက်ရသည်။ ထိုသို့ ကလေးသူငယ်များကို ပြည့်တန်ဆာအဖြစ် ရောင်းချခြင်းကို ဟိုတယ်၊ ပြည့်တန်ဆာခန်း၊ စားသောက်ဆိုင်၊ ကာရာအိုကေဆိုင်၊ ဘား စသော နေရာများတွင် ဖြစ်ပွားကြောင်း တွေ့ရသည်။

### 2 วัตถุหรือสิ่งแสดงการล่วงละเมิดทางเพศเด็ก

ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုကြောင်း ပြသသော အရာဝတ္ထုပစ္စည်း

**หมายถึง วัตถุหรือสิ่งแสดงให้เห็นการล่วงละเมิดทางเพศเด็ก อาจเป็นข้อความ รูปถ่าย เสียง หรือ วิดีโอ แสดงถึงการให้เด็กมีส่วนร่วมในกิจกรรมทางเพศ ภาพอวัยวะเพศ ภาพเปลือยของเด็ก หรือ ภาพเด็กเสมือนจริง (เช่น ภาพที่สร้างขึ้นคอมพิวเตอร์) เพื่อจุดประสงค์เรื่องเพศเป็นหลัก**

ဆိုသည်မှာ ကလေးသူငယ်အပေါ် လိင်ပိုင်းဆိုင်ရာ မဖွယ်မရာအပြုခံရကြောင်းကို ပြသသည့် အရာဝတ္ထု (သို့) အထောက်အထားများဖြစ်သော မက်ဆေ့ချ်များ၊ ဓာတ်ပုံများ၊ အသံဖိုင်၊ ဗီဒီယို၊ ညစ်ညမ်းရုပ်ပုံများ၊ လိင်အင်္ဂါ၊ ကလေးအဖော်အချွတ်များ၊ ကလေးသူငယ်၏ပုံကို အသုံးပြု၍ အစစ်အမှန်ပုံ ဟုထင်ရလောက်သည့် ညစ်ညမ်းပုံများ (ဥပမာ ကွန်ပြူတာနဲ့ပြုပြင်ထားသော ဓာတ်ပုံ) အစရှိသည်တို့ကို လိင်မှုကိစ္စ အဓိက ရည်ရွယ်ချက်ဖြင့် အသုံးချခံရသော အရာများကို ဆိုလိုသည်။

### 3 การค้าเด็กเพื่อวัตถุประสงค์ทางเพศ



လိင်ကိစ္စအတွက် ကလေးသူငယ်များကို လူကုန်ကူးခြင်း။

**คือ การที่เด็กถูกส่งจากที่หนึ่งไปยังอีกที่หนึ่ง (ทั้งในระยะทางใกล้หรือไกล) เพื่อผู้ใหญ่สามารถกระทำการล่วงละเมิดทางเพศและแสวงหาประโยชน์จากพวกเขาได้ ตัวเด็กหรือคนในครอบครัวของเด็กอาจถูกล่อลวงกดดัน หรือ ถูกบังคับให้เคลื่อนย้าย การแสวงหาประโยชน์จากเด็ก และผู้ใหญ่ในลักษณะนี้ถือเป็นการกระทำที่ผิดผิดกฎหมาย**

ကလေးသူငယ်များကို လူကြီးများမှ မဖွယ်မရာပြုလုပ်နိုင်ရန်နှင့် လိင်အမြတ်ထုတ်နိုင်ရန် တစ်နေရာမှ တစ်နေရာသို့ (ရပ်ဝေးဖြစ်စေ၊ ရပ်နီးဖြစ်စေ) ရွှေ့ပြောင်းပို့ဆောင်ခြင်းဖြစ်သည်။ ကလေးသူငယ်နှင့် ကလေး၏မိသားစုဝင်များသည် သွေးဆောင်ဖြားယောင်းခံရ၍ဖြစ်စေ၊ အတင်းအကြပ်ရွှေ့ပြောင်းခံရ၍ဖြစ်စေ နေရာပြောင်းရွှေ့ခံရသည်။ ထိုကဲ့သို့ ပြုလုပ်သော လူကြီးနှင့် ကလေးသူငယ်အပေါ် လိင်အမြတ်ထုတ်ခြင်းသည် ဥပဒေချိုးဖောက်သည့် အပြုအမူသာဖြစ်သည်။

### 4 การแสวงหาประโยชน์ทางเพศจากเด็ก ในการเดินทางและการท่องเที่ยว



ခရီးလှည့်လည်သွားလာစဉ် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း။

**คือ การที่บุคคลซึ่งเป็นนักเดินทาง นักท่องเที่ยวกระทำการล่วงละเมิด หรือ แสวงหาประโยชน์ทางเพศจากเด็กในขณะที่เดินทาง หรือ เป็นนักท่องเที่ยว มักใช้ประโยชน์ จากสิ่งอำนวยความสะดวกของบริษัททัวร์ โรงแรม รีสอร์ท ภัตตาคาร สายการบิน และบริษัทขนส่งอื่น ๆ ในการล่วงละเมิดทางเพศต่อเด็ก**

ခရီးသွားတစ်ယောက်မှ ခရီးသွားလာစဉ် ကလေးသူငယ်များအပေါ် မဖွယ်မရာ ပြုလုပ်ခြင်း၊ လိင်အမြတ်ထုတ်ခြင်းကို ဆိုလိုပါသည်။ ထို့ပြင် ခရီးသွားသူသည် ခရီးသွားကုမ္ပဏီ၊ ဟိုတယ်၊ အပန်းဖြေစခန်း၊ စားသောက်ဆိုင်၊ လေကြောင်းလိုင်းနှင့် သယ်ယူပို့ဆောင်ရေးကုမ္ပဏီ စသော ဝန်ဆောင်မှုများအသုံးပြု၍ ကလေးသူငယ်များကို လိင်ကိစ္စ မဖွယ်မရာ ပြုလုပ်ခြင်းဖြစ်သည်။

### 5 การบังคับให้เด็กแต่งงาน



ကလေးသူငယ်များကို အတင်းအကြပ် အိမ်ထောင်ပြုစေခြင်း။

**การแต่งงานของเด็กที่มีอายุต่ำกว่า 18 ปี ซึ่งอาจถือได้ว่าเป็นการแสวงหาประโยชน์ทางเพศจากเด็ก เมื่อเด็กถูกใช้เพื่อวัตถุประสงค์ทางเพศแลกเปลี่ยนกับการได้รับเงิน หรือสิ่งของเป็นการตอบแทน กรณีดังกล่าวพ่อแม่หรือครอบครัวมักจัดการให้เด็กแต่งงานเพื่อที่ตนจะได้รับผลประโยชน์ หรือเพื่อเป็นการช่วยเหลือครอบครัว**

အသက် ၁၈ နှစ်အောက်ကလေးများနှင့် ထိမ်းမြားလက်ထပ်ခြင်းကို ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အသုံးချရန်အတွက် ငွေကြေးနှင့်ဖြစ်စေ၊ အခြားအရာများနှင့်ဖြစ်စေ လဲလှယ်၍ လိင်အမြတ်ထုတ်ခြင်းဟု ယူဆနိုင်ပါသည်။ ၎င်းဖြစ်စဉ်ကို မိဘ (သို့) မိသားစုအတွက် အကူအညီ (သို့) အကျိုးအမြတ်တစ်စုံတစ်ရာ ရရှိစေရန်အလို့ငှာ ကလေးသူငယ်များကို လက်ထပ်စေသည့်အခါ ဖြစ်ပွားသည်။

ร่วมปกป้องการคุ้มครองเด็กโดย

ECPAT FOUNDATION THAILAND · TUI CARE FOUNDATION

สนับสนุนโดย

PLAN INTERNATIONAL · ECPAT · DEFENCE for CHILDREN